တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်
တောင်းဆုဒုအာများအနက် ဂျဝါမိအ်(စကားလုံးတိုတောင်း၍
အဓိပ္ပါယ်ကျယ်ဝန်းပြည့်ဆုံသော) တောင်းဆုဒုအာများကို
နှစ်သက်တော်မူပြီး ယင်းမှအပ အခြားသော
တောင်းဆုဒုအာများကို စွန့်လွှတ်တော်မူခဲ့သည်။
အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ) ဆင့်ပြန်ထား‌သော ဟဒီးဆ်တော်တွင်လာရှိထားသည်။
သူမကပြောပြသည်မှာ- တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်
တောင်းဆုဒုအာများအနက် ဂျဝါမိအ်(စကားလုံးတိုတောင်း၍
အဓိပ္ပါယ်ကျယ်ဝန်းပြည့်ဆုံသော) တောင်းဆုဒုအာများကို နှစ်သက်တော်မူပြီး ယင်းမှအပ
အခြားသော တောင်းဆုဒုအာများကို စွန့်လွှတ်တော်မူခဲ့သည်။
[صحيح] [رواه أبو داود وأحمد]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် လောကီ၊လောကုတ္တရာ ကောင်းကျိုးများ
စုဝေးရာ တောင်းဆုဒုအာများကို နှစ်သက်တော်မူခဲ့သည်။ ယင်းတောင်းဆုဒုအာများသည်
စကားလုံး အနည်းငယ်သာ ရှိသော်လည်း အဓိပ္ပါယ်ကြွယ်ဝပြီး အလ္လာဟ်အရှင်မြတ်အား
ချီးမွမ်းခြင်းနှင့် ကောင်းမြတ်သော ရည်ရွယ်ချက်များ ပါဝင်သည်။ ယင်းမှအပ အခြားသော
တောင်းဆုဒုအာများကို စွန့်လွှတ်တော်မူခဲ့သည်။
https://www.sunnah.global/hadeeth/my/show/5886